ပြည်သူ့ကျန်းမာရေးကြီးကြပ်(၂) သင်တန်း

(၂၀၂၀)ပြည့်နှစ်

## နှလုံးနှင့် နှလုံးသွေးကြောရောဂါမဖြစ်အောင် ကြိုတင်ကာကွယ်မှုလုပ်ငန်း(PEN Approach)

# သင်တန်း၏ ရည်ရွယ်ချက်နှင့်
# မြန်မာနိုင်ငံ၏ မကူးစက်နိုင်သောရောဂါများ၏ လက်ရှိအခြေအနေ

(၃၀) မိနစ်

# သင်တန်း၏ ရည်ရွယ်ချက်

- မကူးစက်နိုင်သောရောဂါစစ်ဆေးခြင်း
- ကုသမှုပေးခြင်း၊
- ကျန်းမာရေးပညာပေး ဆွေးနွေးခြင်း၊
- ညွှန်းပို့ပေးခြင်း၊
- မကူးစက်နိုင်သောရောဂါစစ်ဆေးသူများနှင့် လူနာများအား မှတ်ပုံတင်စာရင်းသွင်းခြင်းနှင့်
- သုံးလပတ်အစီရင်ခံစာများ ပြုစုခြင်းတို့ကို စနစ်တကျဆောင်ရွက်တတ်စေရန်။

# နှလုံးနှင့်နှလုံးသွေးကြောရောဂါမဖြစ်အောင် ကြိုတင်ကာကွယ်ကုသမှုလုပ်ငန်း (PEN Approach) တွင် ပါဝင်သည့် လုပ်ငန်းများ

- သွေးတိုးရောဂါနှင့် ဆီးချိုသွေးချိုရောဂါများ ရှာဖွေစစ်ဆေးခြင်း၊ (၁၀)နှစ်အတွင်း နှလုံးသွေးကြောရောဂါဖြစ်နိုင်ချေကို တွက်ချက်ပေးခြင်း လိုအပ်ပါက အထက်အဆင့်သို့ လွှဲပြောင်းပေးခြင်းနှင့် သင့်လျော်သောကုသမှုပေးခြင်း
- Streptococcal ရောဂါပိုးကြောင့် ဖြစ်သောလည်ချောင်းနာခြင်း/အာသီးရောင်ခြင်းကို ကုသခြင်း
- နာတာရှည်အဆုတ်နှင့်အသက်ရှုလမ်းကြောင်းရောဂါများ(ပန်းနာရင်ကြပ်ရောဂါနှင့်နာတာရှည် လေပြွန်ကျဉ်းရောဂါ) ရှာဖွေစစ်ဆေးခြင်းနှင့် ကုသခြင်း

# နှလုံးနှင့်နှလုံးသွေးကြောရောဂါမဖြစ်အောင် ကြိုတင်ကာကွယ်ကုသမှုလုပ်ငန်း (PEN Approach) တွင် ပါဝင်သည့် လုပ်ငန်းများ

- ကင်ဆာ(ခံတွင်း၊ ရင်သား၊ သားအိမ်ခေါင်း)သံသယရှိသူများကို လွှဲပြောင်းပေးခြင်း
- ကျန်းမာရေးနှင့်ညီညွတ်သောနေထိုင်စားသောက်မှုပုံစံများကို နှစ်သိမ့်ဆွေးနွေးပညာပေးခြင်း
- ရောဂါစစ်ဆေးသူနှင့်လူနာမှတ်ပုံတင်ခြင်း၊ ဆေးကုသမှု မှတ်တမ်းဖြည့်သွင်းခြင်းနှင့် အစီရင်ခံစာများ ပြုစုခြင်း

# ဆေးရုံတက်ရောက်သူများတွင် မကူးစက်နိုင်သောရောဂါများ ဖြစ်ပွားမှုနှုန်းနှင့် သေဆုံးမှုနှုန်း (၂၀၁၆) (မြန်မာနိုင်ငံ)




ဖြစ်ပွားနှုန်း




သေဆုံးမှုနှုန်း

*Source: Hospital Inpatient Statistics, HMIS*

# မကူးစက်နိုင်သောရောဂါများ ဖြစ်စေနိုင်သည့် ပြုမူနေထိုင်မှုပုံစံနှင့် အကြောင်းအရာများ

| ရောဂါဖြစ်စေသော မူလအကြောင်းခံများ | ရောဂါဖြစ်စေသော ပြုမူနေထိုင်မှုပုံစံ | ရောဂါဖြစ်စေသော ဇီဝကမ္မဖြစ်စဉ် | အဖြစ်များသည့် မကူးစက်နိုင်သောရောဂါများ |
|---|---|---|---|
| • လူမှု-စီးပွားရေးရာ အခြေအနေများ<br>• မြို့ပြအင်္ဂါရပ်ဖွံ့ဖြိုးတိုးတက်မှု ဖြစ်စဉ်<br>• ကမ္ဘာအဝှမ်းဖွံ့ဖြိုးမှုဖြစ်စဉ် | • သင့်တင့်မျှတသော ကိုယ်လက်လှုပ်ရှားခြင်း နည်းပါးမှု<br>• ကျန်းမာရေးနှင့်မညီညွတ်သောစားသောက်မှု (အငန်၊ အချို၊ အဆီဓါတ် စားသုံးမှုများခြင်းနှင့် ဟင်းသီးဟင်းရွက်/ သစ်သီးဝလံ စားသုံးမှု နည်းခြင်း)<br>• ဆေးလိပ်နှင့်ဆေးရွက်ကြီး သုံးစွဲမှု<br>• အရက်အလွန်အကျွံ သောက်သုံးမှု | • သွေးပေါင်ချိန်များခြင်း<br>• သွေးတွင်း အချိုဓါတ်များခြင်း<br>• သွေးတွင်းအဆီဓါတ်များ ခြင်း<br>• ကိုယ်အလေးချိန်များခြင်း/ အဝလွန်ခြင်း | • သွေးတိုးနှင့်နှလုံးသွေးကြော ကျဉ်းရောဂါ<br>• ကင်ဆာရောဂါ<br>• နာတာရှည်အဆုတ်နှင့် အသက်ရှူလမ်းကြောင်း ဆိုင်ရာရောဂါ<br>• ဆီးချိုသွေးချိုရောဂါ |

# မကူးစက်နိုင်သောရောဂါများကို ဖြစ်ပွားစေသည့် အဓိကအကြောင်းရင်းများ

| ရောဂါဖြစ်ပွားစေသည့် အကြောင်းရင်းများ / ရောဂါများ | ဆေးလိပ်/ ဆေးရွက်ကြီး သုံးစွဲခြင်း | ကိုယ်လက် လှုပ်ရှားမှု မရှိခြင်း | အရက် အလွန်အကျွံ သောက်သုံးခြင်း | ကျန်းမာရေး နှင့်မညီသော အစားအစာ စားသုံးခြင်း |
|---|---|---|---|---|
| နှလုံးရောဂါနှင့် လေဖြတ်လေငန်း | ● | ● | ● | ● |
| ကင်ဆာ | ● | ● | ● | ● |
| ဆီးချို/သွေးချို | ● | ● | ● | ● |
| နာတာရှည်အဆုတ် | ● | ● | ● | ● |

# ၂၀၁၄ ခုနှစ် STEPS Survey မှ အဓိကတွေ့ရှိချက်များ (အသက် ၂၅ နှစ်မှ ၆၄ နှစ်အတွင်း )

| အကြောင်းအရာ | ကျား | မ | စုစုပေါင်း |
|---|---|---|---|
| လက်ရှိဆေးလိပ်သောက်နှုန်း | ၄၃.၈% | ၈.၄% | ၂၆.၁% |
| လက်ရှိဆေးရွက်ကြီးသုံးစွဲနှုန်း | ၆၂.၂% | ၂၄.၁% | ၄၃.၂% |
| ကိုယ်အလေးချိန်လွန်ကဲမှု (BMI $\geq$ 25 $kg/m^2$ ) | ၁၄.၁% | ၃၀.၈% | ၂၂.၄% |
| အဝလွန်ကဲမှု (BMI $\geq$30$kg/m^2$ ) | ၂.၆% | ၈.၄% | ၅.၅% |
| သွေးတွင်းအချိုဓာတ်လွန်ကဲမှု | ၉.၁% | ၁၁.၈% | ၁၀.၅% |
| သွေးတိုးရောဂါဖြစ်ပွားမှု | ၂၄.၇% | ၂၈% | ၂၆.၄% |
| သွေးတွင်းအဆီဓါတ်များမှု | ၃၀.၉% | ၄၂.၅% | ၃၆.၇% |

# ၂၀၁၄ ခုနှစ် STEPS Survey အဓိက တွေ့ရှိချက်များ
# (အသက် ၂၅ နှစ်မှ ၆၄ နှစ်အတွင်း )

| အကြောင်းအရာ | ကျား | မ | စုစုပေါင်း |
|---|---|---|---|
| လက်ရှိ အရက်သောက်သုံးနှုန်း | ၃၈.၁% | ၁.၅% | ၁၉.၈% |
| ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံစားသုံးမှု လျော့နည်းသူ | ၈၅.၂% | ၈၇.၉% | ၈၆.၆% |
| ကိုယ်လက်လှုပ်ရှားမှုနည်းပါးသူ | ၁၂.၅% | ၁၈.၈% | ၁၅.၇% |
| (၁၀)နှစ်အတွင်း နှလုံးသွေးကြောရောဂါ ဖြစ်နိုင်ချေများသူ | ၈.၅% | ၁၅.၇% | ၁၂.၁% |

*Source: Report on National Survey of Diabetes Mellitus and Risk Factors for Non-communicable Diseases in Myanmar(2014)*

# နှလုံးနှင့် နှလုံးသွေးကြောရောဂါမဖြစ်အောင် ကြိုတင်ကာကွယ်မှုလုပ်ငန်း နှင့် ပတ်သက်၍ PHS–2 များ၏ တာဝန်ဝတ္တရားများ

- မကူးစက်နိုင်သောရောဂါစစ်ဆေးခြင်း **(A)**
- ကုသမှုပေးခြင်း **(B)**
- ကျန်းမာရေးပညာပေး ဆွေးနွေးခြင်း **(A)**
- ညွှန်းပို့ပေးခြင်း **(A)**
- မကူးစက်နိုင်သောရောဂါစစ်ဆေးသူများနှင့် လူနာများအား မှတ်ပုံတင်စာရင်းသွင်းခြင်းနှင့်
- သုံးလပတ်အစီရင်ခံစာများ ပြုစုခြင်းတို့ကို စနစ်တကျဆောင်ရွက်တတ်စေရန် **(A)**

**(A)** - **Must know and Must do** **(B)** - **Must Know**

# မကူးစက်ရောဂါများကို ပူးပေါင်းတားကွယ်ထိန်းချုပ်ကြပါစို့




## ကျေးဇူးတင်ပါတယ်